# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၁)


## အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်က နယူးဒေလီမြို့ **Rashtrapati Bhavan** ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



## အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်မျှော်ကြည့်သည့်မူဝါဒနှင့် အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု မြန်မာနိုင်ငံကကြိုဆို
## နှစ်နိုင်ငံအကြားအစဉ်အလာအရတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာလာမည်ဟုကြည်
## အိန္ဒိယနိုင်ငံ၏ ၂၀၂၀ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်ရေးကြိုးပမ်းမှု မြန်မာနိုင်ငံက ဂုဏ်ယူဝမ်းမြောက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

*စာမျက်နှာ ၆ ကော်လံ ၁* ✡

## နယ်စပ်ဒေသအကျိုးတူဖွံ့ဖြိုးတိုးတက်ရေးသည် နှစ်နိုင်ငံအတွက်သာမကဒေသတစ်ခုလုံးအတွက်အရေးပါ
## အိန္ဒိယ–အာဆီယံထိပ်သီးအဆင့်ဆက်ဆံရေးသာမက ဘင်းမ်စတက်နှင့်မဲခေါင်–ဂင်္ဂါပူးပေါင်းမှုတွင် မိတ်ဖက်ဖြစ်
## အိန္ဒိယ–မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်သောပူးပေါင်းမှုအစွန့်ရှည်တည်တံ့ရေး ဆုမွန်ကောင်းတောင်း

အိန္ဒိယသမ္မတ ဒေါက်တာအေပီဂျေ အဗ္ဗဒူလ်ကလမ်

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

*စာမျက်နှာ ၆ ကော်လံ ၄* ✻

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

# အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်ဖြစ်ထွန်း ချစ်ကြည်ရင်းနှီးမှုများ သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းသယ်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လာကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ အရှည်တည်တံ့လာသော ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုများဖြင့် ပေါင်းစည်းထားသည့် နိုင်ငံများလည်းဖြစ်ကြသည်။

အရှည်တည်တံ့ခဲ့သော ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား အချင်းချင်းဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်လည်ပတ်လျက်ရှိသည်။

နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၀၄ခုနှစ် အောက်တိုဘာလ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ချစ်ကြည်ရေး အလည်အပတ် သွားရောက်ခဲ့ကြသည်။

မကြာမီကာလက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သကဲ့သို့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ယွန်ဆင်းရှေခါဝပ်လည်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့သည်။

ယခုတစ်ဖန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ အစဉ်အဆက် တည်ဆောက်ဖြစ်ထွန်းခဲ့သည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဖော်ဆောင်နိုင်ကြောင်း ထပ်လောင်းဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

ခရီးစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်၊ အိန္ဒိယသမ္မတနိုင်ငံဒုတိယသမ္မတ မစ္စတာဘိုင်ယွန်ဆင်းရှေခါဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေနတ်ဝါဆင်း၊ ပါလီမန် အတိုက်အခံခေါင်းဆောင် မစ္စတာ အယ်လ် ကေအဒ်ဗာနီတို့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့အပြင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေး၊ နှစ်နိုင်ငံအရေးနှင့်ဆက်နွယ်လျက်ရှိသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များတွင် အပြန်အလှန်နားလည်မှုများ တိုးတက်ရရှိစေခဲ့ပြီး တစ်နိုင်ငံ၏အရေးအရာကို တစ်နိုင်ငံက အလေးထား ကြကာ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုနားလည်မှုရရှိစေခဲ့ပေသည်။

ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ရာ မြန်မာနိုင်ငံ နိုင်ငံခေါင်းဆောင်များ၏ မြန်မာနိုင်ငံတွင် အရှည်တည်တံ့မည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် ဆောင်ရွက်နေမှုများကို အိန္ဒိယနိုင်ငံက စွဲမှတ်ထားသည့်အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အိန္ဒိယနိုင်ငံကထောက်ခံကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ် များအတွက် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအား အကူအညီပေးသွားရန် အဆင်သင့် ရှိကြောင်း ဆန္ဒသဘောထားကို ထုတ်ဖော်ပြောကြားခဲ့ပေသည်။

နိုင်ငံအချင်းချင်း ဆက်ဆံရေးများတွင် လက်ရှိကျင့်သုံးလျက်ရှိသော ပဉ္စသီလ "ပန်ရှီးလ်" မူကြီး ငါးရပ်သည် လက်ရှိနိုင်ငံတကာအခြေအနေတွင် လိုက်လျောညီထွေအရှိဆုံး ဖြစ်ဆဲရှိသည်ကို နှစ်နိုင်ငံစလုံးက အတည်ပြု လက်ခံခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် လက်ရှိကာလ၏ စိန်ခေါ်မှုများကို ကိုင်တွယ် ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေရှိရေးအတွက် ကုလသမဂ္ဂကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည်ဟု နှစ်နိုင်ငံစလုံးက သဘောတူကြကြောင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် အတိအလင်း ဖော်ပြခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ အိန္ဒိယသမ္မတ နိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်မှ ပေါ်ထွက်လာသည့် အောင်မြင်ဖြစ်ထွန်းမှု အကျိုး ရလဒ်ကောင်းများနှင့်အတူ ရှိရင်းစွဲ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို သားစဉ်မြေး ဆက်တိုင် လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၃၁-၁၀-၂၀၀၆
(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိပ္ပလ္လာသ (၁၂) ပါး"**

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Glaciation and Glacir Landforms (ပထမနှစ်၊ ပထဝီဝင်အထူးပြု)
- ၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"** (အပိုင်း-၉)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ EnglishPremierLeague ဘောလုံးပွဲ - Bolton Wanderers Vs Newcastle United.

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



ဗဟန်း မြို့နယ် ငါးထပ်ကြီး ဘုရားကြီး၌ အမက (၁၀) ဗဟန်း မှ ကျောင်း အုပ် ဆရာမကြီး ဒေါ် စိန် မြိုင် ဦး ဆောင် ၍ ဆရာမများ နှင့်ကျောင်းသား ကျောင်းသူများ စုပေါင်း ၍ သီတင်း ကျွတ် လပြည့် နေ့က ဆီမီး ပူဇော် ကြစဉ်။ (က-ပ)

## စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ တရားပွဲ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာ ဗိုလ်မိုး လမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ မြေနီကုန်း ဓမ္မာရုံ-မေတ္တာပြန့်ပွားရေးအဖွဲ့ ငယ် ငါးနှစ်ပြည့် တရားပွဲများကို အောက်တိုဘာ ၃၁ရက် (တနင်္လာနေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ နိုဝင်ဘာ ၁ ရက် (တနင်္လာနေ့)တွင် ဘဒ္ဒန္တ ပညာနန္ဒ မဟာစည်နယ်လှည့် ဓမ္မကထိက(အင်းစိန်) ဆရာတော်နှင့် နိုဝင်ဘာ ၂ရက် (အင်္ဂါနေ့)နှင့် ၃ရက် (ဗုဒ္ဓဟူးနေ့)တို့တွင် ဘဒ္ဒန္တ အာစာရ လင်္ကာရ(ကိုးဘွဲ့ရ) စစ်ကိုင်း ရွှေဟင်္သာ ကျောင်းဆရာတော်များက ညနေ ၅နာရီမှစ၍ တရားဟောကြားချီးမြှင့် မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အောက်တိုဘာ ၂၂ရက်က လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်း အမှတ်(၂) လှိုင်သာယာ၏ ၂၀၀၄ ခုနှစ် ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပုံပြော ပြိုင်ပွဲ၌ ပထမဆုရ မောင်ပြည့်ဖြိုး မောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်သန်းကြည်က ဆုပေးအပ် ချီးမြှင့်စဉ်။ (က-ပ)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် အောက်တိုဘာ ၃၀

**အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က အောက်တိုဘာ၂၅ရက် ညပိုင်းတွင် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**







**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတ နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် သီးသန့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## တွေ့ဆုံနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲ မကျင်းပမီ ည ၇ နာရီခွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က သီးသန့်ခန်းမ၌ ရှေးဦးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထွန်းတို့တက် ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ ပြည်ပရေးရာဝန်ကြီး ဌာနဒုတိယဝန်ကြီး Mr.E.Ahamed၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr.Shyam Saran၊ တွဲဖက်အတွင်း ဝန် Mrs.Mitra Vasisht၊ ပြည် ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Rajiv Kumar Bhatiaတို့တက် ရောက်ကြသည်။

## လှိုက်လှဲစွာကြိုဆို

ထိုသို့တွေ့ဆုံရာတွင်အိန္ဒိယသမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က ၂၄ နှစ်တာကာလ အတွင်း နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင် သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိ လာခြင်းဖြစ်ပါကြောင်းနှင့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ဆက်ဆံ ရေးသည် နှစ်ပေါင်းရှည်ကြာစွာ ကောင်းမွန်ခဲ့သည့် ဆက်ဆံရေး ဖြစ်ပါ ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ယခု ချစ်ကြည်ရေးခရီးစဉ်ကြောင့် နှစ်နိုင်ငံ၏ဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်မည်ဟုယုံကြည်ပါကြောင်း။

အိန္ဒိယနိုင်ငံ အနေဖြင့် ၂၀၂၀ပြည့် နှစ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံအဆင့်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

## နည်းပညာတိုးတက်ရေး

ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ ရောက်ရှိရေး အတွက် စိုက်ပျိုးရေးနှင့် စားသောက် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေး၊ကျန်းမာရေးကဏ္ဍ၊ အခြေခံ အဆောက်အအုံများ တိုးတက်ကောင်း မွန်ရေးကဏ္ဍ၊ ITနည်းပညာတိုးတက် ရေးကဏ္ဍ ကဏ္ဍငါးခုတွင် အထူးအာရုံ စိုက်၍ လုပ်ဆောင်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး၏ လှိုက်လှဲခင်မင်စွာ ကြိုဆိုမှုပြုခြင်းတို့ အတွက် များစွာဝမ်းမြောက်ကျေးဇူး တင်ရှိပါကြောင်း။

## ပူးပေါင်းဆောင်ရွက်မည်ယုံကြည်

သမ္မတကြီးနှင့်တွေ့ဆုံခိုက် မြန်မာ နိုင်ငံနှင့်စပ်လျဉ်း၍လည်း ရှင်းလင်း ပြောကြားလိုကြောင်း၊မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ယင်း သဘာဝအရင်းအမြစ်များအနက် ရေနံ နှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ် လုပ်ခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံနှင့် အတူ ပြည်ပနိုင်ငံများသည်အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာ နိုင်ငံနှင့် အိန္ဒိယနိုင်ငံက ပူးပေါင်း ဆောင်ရွက်ရန် ဆန္ဒရှိမည်ဟု ယုံကြည် ကြောင်း။

မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ပေါင်း ကူးနေရာတွင်တည်ရှိသည့် နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြား အရှေ့တောင် အာရှနိုင်ငံများနှင့် စီးပွားကုန်သွယ်မှု များပြုနိုင်ကြောင်း။

၂၀၂၀ပြည့်နှစ်တွင် အိန္ဒိယသမ္မတ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင် မြင်မည်ဟု ယုံကြည်ပါကြောင်း။

## ဝမ်းမြောက်ဝမ်းသာဖြစ်

အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု များအတွက် အိမ်နီးချင်းနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံ သားများက များစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါကြောင်း။

အဆွေတော်သမ္မတကြီးအားလည်း အခါအခွင့်သင့်သည့်အခါ၌ မြန်မာ နိုင်ငံသို့ လာရောက် လည်ပတ်ရန် ဖိတ်မန္တကပြုပါကြောင်းဖြင့်ပြောကြား သည်။

## လာရောက်လည်ပတ်မည်

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ် ကလမ်က မြန်မာနိုင်ငံသို့ ရောက်ရှိရန် ကျောင်းသားဘဝကပင် စိတ်ဝင်စားခဲ့ရပါကြောင်း၊မြန်မာနိုင်ငံ သို့လာရောက်လည်ပတ်ရန် ဖိတ်ကြား ခြင်းအတွက်လည်း များစွာကျေးဇူး တင်ရှိပါကြောင်း၊ အခါအခွင့်သင့်က လာရောက် လည်ပတ်မည်ဖြစ်ပါ ကြောင်းဖြင့်ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်တို့အား ဂုဏ်ပြုညစာ စားပွဲ အခမ်းအနားသို့ တက်ရောက် လာကြသည့် ပုဂ္ဂိုလ်များက နှုတ်ဆက် ဂါရဝပြုသည့် အစီအစဉ်ကို ညစာစားပွဲ ကျင်းပမည့် ခန်းမရှေ့၌ ကျင်းပရာ ရှေးဦးစွာ စစ်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယ သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ် သည်။

## ဂါရဝပြုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်တို့အား ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာကြသည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်၊ သမ္မတ ဟောင်း ရှရီကိုချာရဲလ်ရာမန်နာရာယာ နန်နှင့် ဇနီး ရှရီမာတီဥရှာနာရာယာနန်၊ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း နှင့် ဇနီး SMT Gursharan Kaur၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက တစ်ဦး ချင်း ဂါရဝပြုနှုတ်ဆက်ကြသည်။

***စာမျက်နှာ ၅ ကော်လံ ၁ သို့***

# ပုဂ္ဂလိကအဆင့်မြင့် နည်းပညာကုမ္ပဏီများ တရုတ်နိုင်ငံ၌ တိုးတက်များပြားလာ

ပေကျင်း အောက်တိုဘာ ၂၉

**တရုတ်အဆင့်မြင့်နည်းပညာကဏ္ဍတွင် ပုဂ္ဂလိကကုမ္ပဏီများသည် အားသစ်လောင်းတိုးတက်လာပြီ ဖြစ်ကြောင်း တရုတ်ပုဂ္ဂလိက ကုမ္ပဏီပိုင်ရှင်များ ဥက္ကဋ္ဌဒူယန်ရောင်ဂျီက အကောင်းဆုံး ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆုချီးမြှင့်ပွဲတွင် ပြောကြားသည်။**

တရုတ်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် မကြာသေးသည့်နှစ်များအတွင်းက တိုးတက်ခဲ့ကြောင်း၊ ယင်းတို့၏ အရေအတွက်နှင့် စီးပွားရေးအင်အားသည် ဆက်လက်တိုးတက်ခဲ့ကြောင်း၊ များပြားလှသော ပုဂ္ဂလိက ကုမ္ပဏီအသစ်များသည် အဆင့်မြင့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ လုပ်ကိုင်လျက်ရှိကြောင်း ဒူယန်က ပြောကြားသည်။

၂၀၀၃ ခုနှစ် ကုန်ပိုင်းတွင် တရုတ်နိုင်ငံရှိ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးသည့် ကုမ္ပဏီပေါင်း ၁၂၀၀၀၀ ကျော်ရှိကြောင်း အဆိုပါအသင်းမှ စာရင်းဇယားများအရ သိရသည်။

**သုံးပုံနှစ်ပုံရှိ**

အဆိုပါ စီးပွားရေးလုပ်ငန်းများသည် ကွမ်ကျို့နှင့် စီကျန်းမြို့များတွင် ရှိသည်။ တရုတ်နိုင်ငံ၏ စုစုပေါင်း အဆင့်မြင့်နည်းပညာကုမ္ပဏီ၏ သုံးပုံနှစ်ပုံရှိသည်။

တရုတ်နိုင်ငံတွင် အသစ်အပါအဝင် အဆင့်မြင့်နည်းပညာဖွံ့ဖြိုးရေး ဇုန် ၅၃ ခုရှိရာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းသည် ၈၀ ရာခိုင်နှုန်းရှိသည်။

တရုတ်ပုဂ္ဂလိကလုပ်ငန်းသည် ၂၀၀၃ခုနှစ် နည်းပညာဝန်ဆောင်မှုအခွန်မှာ ၁၇၁ ဒသမ ၉ဘီလီယံယွမ် (အမေရိကန် ဒေါ်လာ ၂၀ဒသမ၇ဘီလီယံ)အထိရှိခဲ့ရာ ယမန်နှစ်ကထက် ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဒူယန်က ပြောကြားသည်။

**ဝင်ငွေရရှိ**

ပုဂ္ဂလိက နည်းပညာလုပ်ငန်းများ ၂၀၀၃ ခုနှစ်က လျှန်မြန်စွာတိုးတက်ခဲ့သည်။ ယွမ်သန်း ၁၀၀ကျော် (အမေရိကန် ဒေါ်လာ ၁၂သန်းခန့်) ဝင်ငွေရှိသော မှတ်ပုံတင်ကုမ္ပဏီ ပေါင်း ၅၁၇၅ ခုရှိသည်။ ၅၄၅ ခုမှာ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၁၂၀) အသီးသီးဝင်ငွေရရှိပြီး ၁၀၀ ကျော်မှာ ယွမ် ၁၀ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ၂ဘီလီယံ) အသီးသီး ဝင်ငွေရရှိလျက်ရှိကြောင်း ဒူယန်က ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ခန့်က ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ရှေးဟောင်းမြို့ရှိ အဆောက်အအုံများအား အလုပ်သမားများက ပြုပြင်မွမ်းမံလျက်ရှိပုံကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ထိုင်းနှင့် ဗီယက်နမ်ခရီးသွားလုပ်ငန်းတိုးတက်ရေးဆောင်ရွက်

ဗန်ကောက် အောက်တိုဘာ ၂၈

**ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း မွတ်ဒါဟန်ပြည်နယ်သည် လာမည့်လတွင် လက်မှတ်ရေးထိုးမည့် သဘောတူစာချုပ်အရ ဗီယက်နမ်နိုင်ငံကောင်တရီပြည်နယ်နှင့် တရားဝင်အမြွှာမြို့များ ဖြစ်လာကြမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းတိုးတက်ရေးဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။**

အဆိုပါ အထူးအစီအစဉ်သည် ယင်းဒေသတွင် ခရီးသွားလုပ်ငန်း တိုးတက်ရန် ပြည်နယ်၏ အစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ပေရက်ဆာ ကိုလ်ဖန်၏ပြောကြားချက်ကို ထိုင်းသတင်းဌာနက အင်္ဂါနေ့တွင် ကိုးကားဖော်ပြသည်။

**တိုးတက်လာမည်**

လာအိုနိုင်ငံရှိ ဆူဝန်နတ်ဟက် ပြည်နယ်ကို ဖြတ်၍ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ကောင်တရီပြည်နယ်နှင့် မွတ်ဒါဟန်ပြည်နယ်များအား လမ်းကြောင်းကိုးခုဖြင့် ဆက်သွယ်သည့် ခရီးစဉ်သည် စီမံချက်အရ တိုးတက်လာမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အလားတူ စီစဉ်မှုကို လာအိုနိုင်ငံရှိ ဆူဝန်နတ်ဟက်ပြည်နယ်နှင့် မတ်လက လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ အမြွှာမြို့ သဘောတူညီမှုများအရ ထိုင်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များသည် ဗီဇာမလိုအပ်ဘဲ မွတ်ဒါဟန်အာဏာပိုင်များ၏နယ်စပ်ဖြတ်ကျော်ခွင့်ဖြင့် လာအိုနှင့်ဗီယက်နမ်သို့ သွားလာနိုင်မည်ဖြစ်ကြောင်း ပေရက်က ပြောသည်။

**အစီအစဉ်ရှိ**

မွတ်ဒါဟန် အာဏာပိုင်များသည် ထိုင်းလက်မှုပညာပစ္စည်း ထုတ်ကုန်များကို ဗီယက်နမ်နှင့် လာအိုသို့ တင်ပို့ရန်လည်း အစီအစဉ်ရှိကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား စီးပွားတိုးတက်ရန် အေဒီဘီက ဒေါ်လာ ၁၇သန်းထုတ်ချေး

ဂျာကာတာ အောက်တိုဘာ ၃၀

**အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က အင်ဒိုနီးရှားနိုင်ငံ၏ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၇သန်း ထုတ်ချေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။**

ယင်းချေးငွေများသည် အင်ဒိုနီးရှားပြည်သူများ၏ နေအိမ်များကို စီးပွားရေးလုပ်ငန်းငယ်များအဖြစ် ပြုပြင်ပြောင်းလဲကာ အင်ဒိုနီးရှား စီးပွားရေးသမားများအား အထောက်အကူပြုရန် ရည်ရွယ်ကြောင်း ခရက်ဒစ်ကုမ္ပဏီ ညွှန်ကြားရေးမှူး ကာစမူဂျိုနိုက ပြောကြားသည်။

အဆိုပါ ချေးငွေကို နှစ်ရစ်ခွဲ၍ အေဒီဘီမှ အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးမည်ဖြစ်ကြောင်း အဆိုပါ ညွှန်ကြားရေးမှူး၏ ပြောကြားချက်ကို ဒက်တီကွန်းအွန်လိုင်း သတင်းဌာနက ကြာသပတေးနေ့က ကိုးကားထုတ်လွှင့်ခဲ့သည်။

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးဘဏ်သည် အဆိုပါ အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အေဒီဘီနှင့်အတူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ကာစမူဂျိုနိုက ပြောကြားသည်။ ယင်းအေဒီဘီ ချေးငွေသည် နှစ် ၂၀အတွင်း ပြန်ဆပ်ရမည် ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# သဘာဝလိုဏ်ဂူ

**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း အရှေ့ဘက် ကီလိုမီတာ ၆၀၀အကွာရှိ ဖလောရက်ခ်ကျွန်းပေါ်တွင် သဘာဝအလျောက် ဖြစ်ထွန်းနေသော လိုဏ်ဂူတစ်ခုကို တွေ့ရစဉ်။** (ယင်းဂူအတွင်း၌ သုံးပေခန့်ရှိ အရွယ်ရောက် အမျိုးသမီးတစ်ဦး၏ အရိုးစုအစိတ်အပိုင်းများကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပြီးနောက် လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# နီပေါ-ဖိလစ်ပိုင် လေကြောင်းလိုင်း လက်မှတ်ရေးထိုးမည်

ခတ္တမန္ဒူ အောက်တိုဘာ ၂၉

**နီပေါနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် ယင်းတို့၏လေကြောင်းဝန်ဆောင်မှု သဘောတူညီချက်(အေအက်စ်အေ)ကို မကြာမီ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ခတ္တမန္ဒူမြို့၌ ကြာသပတေးနေ့က ပြောကြားသည်။**

မိမိတို့သည် နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ကြားဖိလစ်ပိုင်မှ ကိုယ်စားလှယ်နှင့် အေအက်စ်အေကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ယဉ်ကျေးမှု ခရီးသွားနှင့် လေကြောင်းဆိုင်ရာဝန်ကြီးဌာန ပူးတွဲအတွင်းရေးမှူး မာဒီနီပရာ ဆက်ရှာမာက ပြောကြားသည်။

ရှာမာ၏ပြောကြားချက်အရ နီပေါအစိုးရသည် ဒေသနှင့်နိုင်ငံ ၃၄ နိုင်ငံနှင့်အတူ အေအက်စ်အေကို မကြာ မီ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင် နိုင်ငံတကာလေကြောင်းလိုင်း ၁၃ခုက ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားခရီး သွားများ ဟိမဝန္တာဒေသသို့ ပိုမိုလာရောက်လာစေရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ထိုင်းနှင့် ဩစတြေးလျ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်

**ဗန်ကောက် အောက်တိုဘာ ၂၉**

ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ဩစတြေးလျမှ ဘွင်းစလင်းတက္ကသိုလ်နှင့်အတူ အဓိက ဆေးဘက်ဆိုင်ရာ ကိစ္စငါးရပ်ကို ငါးနှစ်ကြာ ပူးပေါင်းသုတေသနပြု လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းသုတေသနဌာနသည် အေအိုင်ဒီအက်စ်၊ နှလုံးရောဂါ၊ မတော်တဆ ထိခိုက်မှု၊ စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာရောဂါများ သုတေသနပြု လေ့လာကြမည်ဖြစ်သည်။

သုတေသနဌာနသည် တားဆီးကာကွယ်သော အစီအမံများ ထိရောက်စွာဆောင်ရွက်ရေး၊ ကျန်းမာရေး ပြုစုစောင့်ရှောက်ရေးစနစ်များထားရှိရေး ပါဝင်သည့် ကုန်ကျမှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြမည် ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၂၀ က ထိုင်း၌ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးသူ ၇၈၈၀၁ ဦး၊ ယာဉ်မတော်တဆမှုကြောင့် ၁၂၈၁၁ ဦးနှင့် စိတ်ရောဂါကြောင့် နှစ်သန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# စက်မှုလုပ်ငန်းသုံးစက်ရုပ်များ ဗီယက်နမ်၌ပထမဆုံးထုတ်လုပ်

**ဟနွိုင်း အောက်တိုဘာ ၂၉**

ဗီယက်နမ်နိုင်ငံသည် ပထမဆုံး အကြိမ်ထုတ်လုပ်သည့် စက်မှုဆိုင်ရာ စက်ရုပ်ငါးမျိုးအတွက် အောင်မြင်ပြီဖြစ်ကြောင်း ဟိုချီမင်းနည်းပညာ တက္ကသိုလ်စက်ရုပ်ပြုလုပ်သူများက ဟနွိုင်း၌ အင်္ဂါနေ့၌ ပြောကြားသည်။

ယင်းတက္ကသိုလ်မှ ထုတ်လုပ်သည့်စက်ရုပ်ငါးမျိုးမှာ အရိုးစုစက်ရုပ်၊ ဂဟေဆက်စက်ရုပ်၊ ကင်မရာစက်ရုပ်၊ အမျိုးသားကာကွယ်ရန်ရည်ရွယ်ထုတ်လုပ်သည့်စက်ရုပ်နှင့်ပလတ်စတစ်လုပ်ငန်းတွင်အသုံးပြုစက်ရုပ်များဖြစ်သည်။

ဗီယက်နမ်သည် ဗီယက်နမ်လုပ်စက်ရုပ်စျေးနှုန်းဖြင့် စက်ရုပ်သွင်းကုန်အစိတ်အပိုင်းများကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အန်ဒမန်ပင်လယ်၌ နယ်စပ်ဖြတ်ကျော်မှုများနှိမ်နင်းရန် ထိုင်းနှင့် မလေးရှားလုံခြုံရေးပူးပေါင်းဆောင်ရွက်

ဗန်ကောက် အောက်တိုဘာ ၂၉

**ထိုင်းနှင့်မလေးရှားမှ မရိန်းရဲတပ်ဖွဲ့များသည် တရားမဝင်မူးယစ်ဆေးဝါးများ၊ လက်နက်များနှင့် သောင်းကျန်းသူများကို လာမည့် အပတ်တွင် ပူးပေါင်းနှိမ်နင်းကြမည် ဖြစ်ကြောင်း ထိုင်းသတင်းဌာနက အင်္ဂါနေ့၌ သတင်းထုတ်ပြန်ခဲ့သည်။**

ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ထိုင်းနိုင်ငံဆက်တန်မရိန်းရဲတပ်ဖွဲ့မှ ရဲဒုတိယဗိုလ်မှူးကြီး တာဝါချိုင်းဆိုင်ခရာချန်သည် ပါလစ်၊ ခက်ဒက်မရိန်းရဲတပ်ဖွဲ့အကြီးအကဲနှင့် အောက်တိုဘာ ၃၀ ရက်တွင် သွားရောက် တွေ့ဆုံမည်ဖြစ်သည်။ ယင်းနေ့တွင် နှစ်နိုင်ငံမှ ကင်းလှည့်ရေယာဉ်များသည် အန်ဒမန်ပင်လယ်ပြင်တွင် လေ့လာမှုများစတင်လုပ်ဆောင်လျက်ရှိသည်။

**ရည်ရွယ်**

မလေးရှားမှ အဆိုပါအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် လက်နက်များကဲ့သို့ တရားမဝင်ကုန်ပစ္စည်းများ နယ်စပ်တွင် တွေ့ရှိနေ၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သည်။

သောင်းကျန်းသူများသည်လည်း ရေလမ်းကြောင်းအသုံးပြု၍ တရားမဝင်နယ်စပ်ဖြတ်ကျော်ရန် ကြိုးပမ်းမှုများကြောင့် လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကတိပြု**

နှစ်နိုင်ငံဘက်မှ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ပြုလုပ်သွားရန် ကတိပြုကြသည်။

**တားဆီး**

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်သုံးခုအတွင်းသို့ သောင်းကျန်းသူများ ဖြတ်ကျော်ဝင်ရောက်မှုကို တားဆီးရန်လည်း ရည်ရွယ်ထားသည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**စာမျက်နှာ ၃ မှ**

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၏ စစ်ဘက် လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ်သန်းအောင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး ဒေါ်မာမာရှိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အိန္ဒိယ သမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ ဂျေအဗ္ဗဒူလ်ကလမ်အား တစ်ဦးချင်း ဂါရဝပြုနှုတ်ဆက်ကြသည်။

**ဆုတောင်းပတ္ထနာပြု**

ထို့နောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ရှေးဦးစွာ အိန္ဒိယသမ္မတ နိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က မိန့်ခွန်း ပြောကြား ပြီး ဆုတောင်းပတ္ထနာပြုသည်။ **(အိန္ဒိယသမ္မတ၏ မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်း ပြောကြားပြီးဆုတောင်းပတ္ထနာပြုသည်။ **(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ သည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင် ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သမ္မတ နန်းတော်မှ ခေတ္တ တည်းခိုသည့် The Operoi Hotel သို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဂါရဝပြု နှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁ ) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အိန္ဒိယသမ္မတနိုင်ငံသမ္မတအား ဂါရဝပြုနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ၏ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ တီဂျဆူဒါ ဆင်အားခန့်အပ်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘော တူညီပြီး ဖြစ်သည်။

မစ္စတာတီဂျဆူဒါဆင်သည် ၁၉၅၂ ခုနှစ် ဇွန်လ ၂၀ ရက်တွင် မလေးရှား နိုင်ငံ၌ မွေးဖွားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် စင်ကာပူတက္ကသိုလ်မှ ဥပဒေ ပညာရပ်ဘွဲ့ (ဂုဏ်ထူးတန်း)ကို ရရှိခဲ့ပါသည်။ ၁၉၈၃ ခုနှစ် ၁၉၈၄ ခုနှစ်တွင် စင်ကာပူနှင့် ပြင်သစ်အစိုးရပညာတော်သင် အစီအစဉ်အရ ပြင်သစ်နိုင်ငံ၏ အမျိုးသားစီမံခန့်ခွဲရေးတက္ကသိုလ်တွင် ပထမဆုံးသော စင်ကာပူသင်တန်း သားအဖြစ် ပညာသင်ကြားခဲ့သည်။

၁၉၇၇ ခုနှစ်တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၌ အရာထမ်း တာဝန်ကိုစတင်ထမ်းဆောင်ခဲ့ပြီး ပထမဦးဆုံးပင်လယ်ရပ်ခြားအမှုထမ်း ခြင်းအနေဖြင့် နယူးယောက်ရှိ ကုလသမဂ္ဂဆိုင်ရာ စင်ကာပူအမြဲတမ်းကိုယ် စားလှယ်အဖွဲ့ရုံးတွင် ၁၉၇၉မှ ၁၉၈၁ ခုနှစ်အတွင်းတာဝန်ထမ်းဆောင်ခဲ့ပါ သည်။ ၁၉၈၈ခုနှစ်မှ ၁၉၉၇ခုနှစ်အတွင်း မနီလာမြို့ စင်ကာပူသံရုံး၊ ကွာလာလမ်ပူမြို့ရှိ စင်ကာပူမဟာမင်းကြီးရုံးနှင့် စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဌာနတို့တွင် ရာထူးအဆင့်အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ယခုအခါတွင် မစ္စတာတီဂျဆူဒါဆင်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပြင်သစ်နိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

မစ္စတာတီဂျဆူဒါဆင်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးယောက်ရှိသည်။ **(သတင်းစဉ်)**

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံ၏ ဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်

- ❑ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးသည် နှစ်ပေါင်းရှည်ကြာစွာ ကောင်းမွန်ခဲ့သည့် ဆက်ဆံရေးဖြစ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ယခု ချစ်ကြည်ရေးခရီးစဉ်ကြောင့် နှစ်နိုင်ငံ၏ဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်မည်ဟုယုံကြည်၊
- ❑ သဘာဝအရင်းအမြစ်များအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံနှင့်အတူ ပြည်ပ နိုင်ငံများသည် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိ၊
- ❑ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိမည်ဟုယုံကြည်၊
- ❑ အဆွေတော်သမ္မတကြီးအားလည်း အခါအခွင့်သင့်သည့်အခါ၌ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်မန္တကပြုပါကြောင်းဖြင့် ပြောကြား၊
- ❑ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် အခါအခွင့်သင့်က လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြား။



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

**အဆွေတော်သမ္မတကြီး ဒေါက်တာကလမ်**
**ကြွရောက်လာတဲ့ဧည့်သည်တော်များခင်ဗျား–**

ကျွန်တော်တို့ အိန္ဒိယနိုင်ငံသို့ လာရောက်တဲ့ခရီးစဉ်ကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့လည်းကောင်း၊ ကျွန်တော်ရဲ့ ကိုယ်စားလှယ်အဖွဲ့ကိုယ်စားလည်းကောင်း အဆွေတော်အား ကျေးဇူးတင်ရှိပါတယ်။ ရှေးဟောင်းနဲ့ တိုးတက်သစ်လွင်မှုများရောယှက်နေသလို ယဉ်ကျေးမှု အမွေအနှစ်များကြွယ်ဝပြီး တစ်ချိန်တည်းမှာပဲ အိန္ဒိယရဲ့ ခေတ်မီမြို့တော်အဖြစ် ထင်ရှားတဲ့ နယူးဒေလီမြို့သို့ရောက်ရှိတဲ့အချိန်မှစ၍ နွေးထွေးပျူငှာစွာ ကြိုဆို ဧည့်ဝတ်ပြုခဲ့သည့်အတွက်လဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

## ထူးခြားတဲ့အမှတ်အသားဖြစ်

ယခုကဲ့သို့ အိန္ဒိယနိုင်ငံသို့လာရောက်လည်ပတ်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မြန်မာနှင့် အိန္ဒိယတို့ဟာ ရှေးယခင်အစဉ်အဆက်ကာလကပင် ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ တူညီတဲ့ သမိုင်းအစဉ်အလာ၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာနောက်ခံသမိုင်းကြောင်းတို့က ကျွန်တော်တို့ပြည်သူများရဲ့ဘဝကို သာယာဝပြောစေပြီး ၎င်းတို့အကြား အချင်းချင်းနားလည်မှုနဲ့ ချစ်ကြည်ရင်းနှီးမှုတို့ကို ပို၍ တိုးတက်မြင့်မားစေပါတယ်။ အဲဒါတွေအပြင် ဗုဒ္ဓဘာသာရဲ့အမွေအနှစ်များဟာ ကျွန်တော်တို့နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုမှာ ထူးခြားတဲ့အမှတ်အသားအဖြစ် ကျန်ရစ်နေပါတယ်။

မကြာသေးတဲ့နှစ်များအတွင်းက နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းဟာ နှစ်နိုင်ငံအကြားမှာရှိတဲ့ ဆက်ဆံမှုများကို ပိုမို တိုးမြှင့်စေနိုင်ခဲ့ပါတယ်။

## အောင်မြင်တဲ့ခရီးစဉ်များ

ကျွန်တော့်အနေနဲ့ ၂၀၀၀ ပြည့်နှစ်အတွင်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့တဲ့ခရီးစဉ်နဲ့ မနှစ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့တဲ့ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတဘိုင်ရွန်ဆင်းရှေခါဝပ်တို့ရဲ့ အောင်မြင်တဲ့ခရီးစဉ်များကို သတိရလျက်ရှိပါတယ်။

## ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်

ဤကဲ့သို့ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများရဲ့ ချစ်ကြည်ရေးခရီးစဉ်များဟာ ချစ်ကြည်ရင်းနှီးမှုနဲ့ နှစ်နိုင်ငံအကြားရှိ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနဲ့ ယဉ်ကျေးမှု နယ်ပယ်တို့မှာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်ဖို့ ဖြစ်လာပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး မှန်မှန်တိုးတက်လာနေတာကိုလဲ ဝမ်းမြောက်စွာ တွေ့ရပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံအကြားမှာ ကုန်သွယ်ရေးအတွက် အခြေအနေ အလားအလာများစွာ ရှိနေတာနဲ့ နှိုင်းစာလိုက်မယ်ဆိုရင် လက်ရှိအနေအထားထက် ပိုမိုတိုးချဲ့နိုင်တဲ့ ကဏ္ဍများစွာ ရှိနေသေးတယ်ဆိုတာကို တွေ့ရပါတယ်။

## နီးကပ်စွာဆောင်ရွက်

ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပျံ့နှံ့နေတဲ့ဖြစ်စဉ်မှာ ယနေ့ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့အတွက် မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားရေးသည် လွန်စွာအရေးကြီးတဲ့ အချက်လို့ ခံယူထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အိန္ဒိယနိုင်ငံရဲ့ 'အရှေ့ဘက်သို့မျှော်ကြည့်သည့် မူဝါဒ' နဲ့ အာဆီယံနိုင်ငံများနဲ့ စီးပွားရေးဆက်သွယ်မှုများနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သန္နိဋ္ဌာန်ချထားသည်ကို မြန်မာနိုင်ငံက ကြိုဆိုပါတယ်။ အိန္ဒိယနိုင်ငံရဲ့ အာဆီယံသို့သွားရောက်သည့် တံခါးပေါက်အဖြစ် မြန်မာနိုင်ငံကို သဘောထားခြင်းကိုလဲ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ဟာ အိန္ဒိယနိုင်ငံနဲ့ နှစ်နိုင်ငံချင်းအနေနဲ့လည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးတို့အတွက် ဘင်းမ်စတက်၊ အာဆီယံ၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနဲ့ ဂင်္ဂါ–မဲခေါင် ပူးပေါင်းဆောင်ရွက်မှုများမှာလည်းကောင်း အိန္ဒိယနိုင်ငံနဲ့ နီးကပ်စွာ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံစလုံးမှာ ကြီးမားတဲ့ ပြောင်းလဲမှုများရှိနေချိန်မှာ အလည်အပတ်လာရောက်ခြင်းဖြစ်ပါတယ်။ ဒီအပြောင်းအလဲများဟာ ကျွန်တော်တို့ ပြည်သူများကို အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပြီး နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိခဲ့တဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာလာစေမယ်လို့ ယုံကြည်ပါတယ်။

## ကျွမ်းကျင်မှုများမျှဝေ

ကျွန်တော့်အနေနှင့်လဲ လက်ရှိကာလအတွင်း အိန္ဒိယနိုင်ငံရဲ့ ကြီးမားတဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ စွမ်းအင်၊ ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံနဲ့ အလွန်အရေးကြီးတဲ့ နည်းပညာများမှာ အောင်မြင်စွာ ကြိုးပမ်းအားထုတ်နိုင်တာကို တွေ့ရှိရပါတယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့အနေနဲ့ အဆွေတော်တို့ရဲ့ အောင်မြင်မှုများကို ဂုဏ်ယူမိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အိန္ဒိယနိုင်ငံဟာ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မယ်ဆိုတာကို ယုံမှားဖွယ်ရာမရှိပါ။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေနဲ့ ကျွန်တော်တို့ဟာ အိန္ဒိယရဲ့ အောင်မြင်မှုများကို ဂုဏ်ယူဝမ်းမြောက်ပါတယ်။ သိပ္ပံနဲ့နည်းပညာ၊ သတင်းအချက်အလက် နည်းပညာများအပါအဝင် အိန္ဒိယနိုင်ငံရဲ့ ကျွမ်းကျင်မှုဆိုင်ရာများ မျှဝေပေးခြင်းကို ကြိုဆိုပါတယ်။



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

✻ ***ရှေ့ဖုံးမှ***

**အဆွေတော် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
**ဒေါ်ကြိုင်ကြိုင်၊**
**လူကြီးမင်းအပေါင်းတို့ခင်ဗျား–**

အဆွေတော်နှင့် အဆွေတော်၏ ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုခွင့် ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ရပါတယ်။ အဆွေတော်၏ ယခုခရီးစဉ်မှာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ၂၄နှစ်တာကာလနောက်ပိုင်းရဲ့ သမိုင်းဝင်ခရီးစဉ် စစ်စစ်တစ်ခုဖြစ်ပါတယ်။ မိတ်ဆွေများအနေနဲ့ ယခုလိုအချိန်အတွင်း အလည်အပတ် လာရောက်ကြသည့်အတွက်လဲ အစဉ်အမြဲ နှစ်ထောင်းအားရ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။

## ကြိုးပမ်းဆောင်ရွက်ခဲ့

ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော်တို့ဟာ ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါတယ်။ ကျွန်တော်တို့ဟာ သမိုင်းကြောင်းအရ တူညီသည့် အတွေ့အကြုံများရှိကြပါတယ်။ ကျွန်တော်တို့ ကိုလိုနီဝပ်မြို့အတွင်းမှ လွတ်မြောက်ရေး ကြိုးပမ်းကြရာမှာ တစ်ဦးနှင့်တစ်ဦး စာနာနားလည်မှု၊ အပြန်အလှန်ကူညီမှုတို့ဖြင့် ခိုင်မာစွာ ဆက်ဆံခဲ့ကြပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့်အချိန်မှာ ကျွန်တော်တို့ အထူးပဲ ဝမ်းမြောက်ဝမ်းသာအားရဖြစ်မိခဲ့ကြပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ခြင်းဟာ အာရှတိုက်တစ်ခုလုံးအတွက် အရေးပါသည့် ဖြစ်ရပ်တစ်ခုဖြစ်တယ်လို့ ဝန်ကြီးချုပ် နေရူးက မှတ်ချက်ပြုခဲ့ပါတယ်။ အသောကဘုရင်ဟာ အရှင်သောနနှင့် အရှင်ဥတ္တရရဟန်းတော်နှစ်ပါးကို သုဝဏ္ဏဘုမ္မိခေါ် ရွှေမြန်မာနိုင်ငံသို့ စေလွှတ်ခဲ့တယ်လို့ အစဉ်အဆက် ယုံကြည်ခဲ့ကြပါတယ်။ အဆိုပါ ရဟန်းတော်နှစ်ပါးဟာ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ စိတ်ရင်းစေတနာကောင်းများရှိရေးတို့အတွက် တမန်တော်များပင်ဖြစ်ကြပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဘာသာရေး၊ ယဉ်ကျေးမှုများ တူညီနေကြဖို့အတွက် အရှင်နှစ်ပါးတို့က ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါတယ်။

ကမ္ဘာကျော် တရုတ်တွေးခေါ်ပညာရှင် ဟူရှင်းက အိန္ဒိယနိုင်ငံဟာ နယ်စပ်ဖြတ်ကျော်ပြီး တရုတ်နိုင်ငံသို့ စစ်သားတစ်ယောက်မှ စေလွှတ်ခဲ့ခြင်းမရှိဘဲ တရုတ်နိုင်ငံအပေါ် အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို နှစ်ပေါင်းနှစ်ထောင်ကျော် ထိရောက်စွာလွှမ်းမိုးနိုင်ခဲ့တယ်လို့ အလားတူ ခံစားမှုမျိုးနဲ့ ပြောကြားခဲ့ဖူးပါတယ်။ အဲဒါဟာ ဗုဒ္ဓတရားတော်က အောင်မြင်မှုရအောင်ကူညီမှုပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ လူသားများကိုလည်းကောင်း၊ တိုင်းပြည်များကိုလည်းကောင်း ညီညီညွတ်ညွတ်ရှိစေပြီး အကုန်အကျမရှိဘဲ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဗုဒ္ဓတရားတော်အားလုံးပင် အနန္တမြတ်စွာဘုရားရဲ့ ကိုယ်ပွားအဆင့်သို့ တိုးမြှင့်လာတဲ့ ဘာသာတစ်ရပ်ဖြစ်ပါတယ်။ ဘာသာတရားရဲ့ နာမ်ပိုင်းဆိုင်ရာ သဘောတရားကိုလဲ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ခဲ့ပါတယ်။ ဘာသာတရားတစ်ခုရဲ့ နာမ်ပိုင်းဆိုင်ရာ သဘောတရား အားလျော့လာပြီဆိုလျှင် အဖျက်လက်နက်သဖွယ်ဖြစ်လာပြီး လူသားများအကြား သဘောထား ကွဲလွဲမှုများဖြစ်ပေါ်လာနိုင်ပါတယ်။

## ပိုမိုအနှစ်သာရရှိ

ဗုဒ္ဓယဉ်ကျေးမှုအနှစ်သာရဟာ ကျွန်တော်တို့နှစ်နိုင်ငံကို အကျိုးတူအမွေအနှစ်အဖြစ် မျှဝေခံစားစေခဲ့ပါတယ်။ ဗုဒ္ဓတရားတော်ရဲ့ ဘက်စုံရှုမြင်သုံးသပ်မှုက ကျွန်တော်တို့နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးအား အရှည်အကြာတည်တံ့တဲ့ အရည်အသွေးကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဗုဒ္ဓသာသနာ ပြန့်ပွားရာမှာ ယဉ်ကျေးမှု၊ လူမှုရေးရာနဲ့ ပညာရေးအနှစ်သာရများ ပူးတွဲပါဝင်ခဲ့ပြီး ကျွန်တော်တို့ပြည်သူနှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုအနှစ်သာရရှိစေခဲ့ပါတယ်။

ကျွန်တော်အနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ အိန္ဒိယနိုင်ငံကို ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် ရောက်ရှိရေးမျှော်မှန်းထားပါတယ်။ ကျွန်တော်အနေနဲ့ ကဏ္ဍငါးရပ်ကို အဓိကလုပ်ငန်းများအဖြစ် သတ်မှတ်ထားပါတယ်။ ၎င်းတို့မှာ လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍ အဓိကအရေးကြီးသည့် အတတ်ပညာပိုင်းဆိုင်ရာများတွင် ကိုယ်ပိုင်စွမ်းအား ပြည့်စုံရေးတို့ဖြစ်ပါတယ်။ အမှန်တကယ်တော့ ယနေ့အိန္ဒိယနိုင်ငံဟာ ၎င်းရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကဏ္ဍ၊ ကာကွယ်ရေးနှင့် သတင်းနည်းပညာကဏ္ဍတို့တွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို မျှဝေပေးလျက်ရှိတဲ့ အနေအထားမှာရှိနေပါတယ်။

***စာမျက်နှာ ၇ ကော်လံ ၁***

အခွင့်သင့်စဉ် အဆွေတော်နဲ့ အိန္ဒိယအစိုးရတို့ရဲ့ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေရန်ဆုတောင်းပါတယ်။

**ကြွရောက်လာတဲ့ ဧည့်သည်တော်များခင်ဗျား–**

- အိန္ဒိယသမ္မတနိုင်ငံ တိုးတက်ဖွံ့ဖြိုး သာယာဝပြောရေးအတွက်လည်းကောင်း၊
- ပြည်ထောင်စု မြန်မာနိုင်ငံတော်နဲ့ အိန္ဒိယသမ္မတနိုင်ငံတို့၏ အရှည်တည်တံ့သော ချစ်ကြည်ရေးအတွက်လည်းကောင်း၊
- အဆွေတော်သမ္မတကြီး ဒေါက်တာ အဗ္ဗဒူလ်ကလမ်၏ ကျန်းမာချမ်းသာစေရေးအတွက်လည်းကောင်း၊
- ကြွရောက်လာကြသော ဧည့်သည်တော်များနဲ့ မိတ်ဆွေများ ကျန်းမာချမ်းသာစေရေးအတွက်လည်းကောင်း၊ ကျွန်တော်နဲ့အတူ ဆုမွန်ကောင်းများ တောင်းပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။ ။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က အိန္ဒိယသမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

## အရှိန်အဟုန်ရရှိလာ

ကုန်လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်း အိန္ဒိယဟာ အရှေ့မျှော်ဝါဒကို လိုက်နာကျင့်သုံးခဲ့ပါတယ်။ စင်စစ်အားဖြင့် ဒီမူဝါဒဟာ ပြန်လည်စူးစမ်းရှာဖွေတဲ့ ခရီးစဉ်တစ်ခုလဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အရှေ့တောင်အာရှဒေသနဲ့ အိန္ဒိယနိုင်ငံတို့အကြား ဆက်နွယ်မှုရှိနေတဲ့ သမိုင်းရေးရာ၊ ယဉ်ကျေးမှုနဲ့ စီးပွားရေးရာဆက်ဆံခြင်းများကို ပြန်လည်ဖော်ထုတ်ရေးများ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုဟာ အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ နယ်စပ်ရင်းနှီးမြှုပ်နှံမှုနဲ့ အားပြုထားတဲ့ အိန္ဒိယနဲ့ အရှေ့တောင်အာရှတို့ရဲ့ ကုန်သွယ်မှုဟာ အရှိန်အဟုန်သစ်ရရှိလာပြီဖြစ်ပါတယ်။ ယဉ်ကျေးမှု ဆက်ဆံရေးများဟာလဲ တောင့်တင်းခိုင်မာလာပြီဖြစ်ပါတယ်။ ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများဟာလဲ အရေးတကြီး ထည့်သွင်းစဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။ ဒီအချက်များကိုအခြေတည်ကာ အိန္ဒိယ–မြန်မာနဲ့ထိုင်းတို့ ဆက်သွယ်မယ့် သုံးပွင့်ဆိုင် လမ်းဖောက်လုပ်ရေးစီမံချက်ကိုလဲ အစောဆုံး အကောင်အထည်ဖော်ကြရန် ကျွန်တော်တို့ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီလမ်းစောစီးစွာပြီးခဲ့ပါက ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုဆက်ဆံရေး အရှိန်အဟုန်ရရှိလာလိမ့်မယ်လို့ လက်ခံကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အရှေ့ဘက်ကို မျှော်ကြည့်ပါက မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့သို့ဝင်ရမယ့် ဝင်ပေါက်တစ်ခုအဖြစ် ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကျွန်တော်တို့ရဲ့ရှုမြင်မှုနဲ့ ချဉ်းကပ်မှုတို့ရဲ့ ဗဟိုချက်မနေရာမှာရှိနေပါတယ်။ အိန္ဒိယ–အာဆီယံထိပ်သီးအဆင့် ဆက်ဆံရေးတွင်သာမက ကျွန်တော်တို့နှစ်နိုင်ငံဟာ ဘင်းမ်စတက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ မဲခေါင်–ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုများမှာလဲ မိတ်ဖက်များဖြစ်ကြပါတယ်။

## ကြိုးပမ်းမှုများမအောင်မြင်နိုင်

ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးဟာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ရဲ့ အဓိကသော့ချက်တစ်ချက်ဖြစ်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော အသီးအပွင့်တစ်ခုလဲဖြစ်ပါတယ်။ ကျွန်တော်တို့၏ နယ်စပ်ဒေသအကျိုးတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပေးဆောင်ရွက်မှုဟာ နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံးအတွက်ပါ အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးဟာ ပုံမှန်တိုးတက်လျက်ရှိစေကာမူ နယ်စပ်ဒေသကုန်သွယ်ရေး အဟန့်အတားများကို ဖယ်ရှားပြီး နယ်စပ်ကိုဖြတ်သန်းဆက်သွယ်မှုများ တိုးပွားရေးအတွက် နှစ်နိုင်ငံအစိုးရများအနေနှင့် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ နှစ်နိုင်ငံကုန်သွယ်ရေးပမာဏဟာ အနည်းဆုံးအမေရိကန်ဒေါ်လာ ၁ဘီလီယံရှိလာမည်ကို ကျွန်တော်တို့ မြင်တွေ့လိုပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်မှုအရှိန်အဟုန်ဟာ ကျွန်တော်တို့ရဲ့ တူညီသောအကျိုးဖြစ်ထွန်းမှုများလဲဖြစ်ပါတယ်။ အဲဒီအချက်ဟာ ကျွန်တော်တို့ရဲ့ ပူးပေါင်းကြိုးပမ်းအားထုတ်မှုဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ အခြေအနေတည်ငြိမ်မှုများမရှိပါက ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုများဟာလဲ အောင်မြင်မှုရရှိနိုင်မှာမဟုတ်ပါဘူး။

## တိုးချဲ့ဖွဲ့စည်းရန်လို

လွန်ခဲ့တဲ့ ရာစုနှစ်ထက်ဝက်ခန့်က ကျွန်တော်တို့ခေါင်းဆောင်များ ချမှတ်ခဲ့တဲ့ ပဉ္စသီလမူကြီးငါးရပ်ဟာ ပြည်သူများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးအတွက် ဖော်ဆောင်ပေးတဲ့မူကြီးဖြစ်ပါတယ်။ နိုင်ငံစုံ စစ်မှန်သော ဦးဆောင်မှုနှင့်မျှတ၍ သာတူညီမျှရှိတဲ့ ကမ္ဘာ့အဖွဲ့အစည်းဖြစ်မှသာလျှင် လူသားအားလုံးကို စိန်ခေါ်မှုများအား အောင်မြင်စွာကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ကမ္ဘာကြီးဟာ များစွာပြောင်းလဲခဲ့ပါတယ်။ လက်ရှိ ကမ္ဘာ့အခြေအနေမှန်များကို အသိအမှတ်ပြုရမယ်ဖြစ်ပြီး အခြေအနေကိုလဲ လက်ခံရမည်ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ပြန်လည်ပြုပြင်ဖွဲ့စည်းရန်အတွက် အချိန်မဆွဲသင့်ကြောင်း ကျွန်တော်တို့လက်ခံ ယုံကြည်ထားပါတယ်။ နိုင်ငံစုံ စစ်မှန်သော ဦးဆောင်မှုကိုအခြေခံ၍ ကမ္ဘာကြီး၏ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာစေရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်တိုးချဲ့ ဖွဲ့စည်းရန်လိုအပ်ပါတယ်။

အဆွေတော် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သည့်ကာလဟာ ပွဲတော်ရာသီဖြစ်ပါတယ်။ ယခုလိုအချိန်မှာ အခါအခွင့်သင့်ခိုက် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူပြည်သားများအား ဆုမွန်ကောင်းများ ပို့သလိုက်ပါတယ်။ လပြည့်နေ့ဟာ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရသာမက ဗစ်ခရမ်၊ ဆမ်ဗတ် ထုံးတမ်းစဉ်လာအရပါ ထူးခြားသော နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ယခုလရဲ့ လပြည့်နေ့မှာ အဆွေတော်နဲ့ အဆွေတော်ကိုယ်စားလှယ်အဖွဲ့ဟာ ဗုဒ္ဓပွင့်တော်မူရာအရပ်မှာ ရောက်ရှိနေမှာဖြစ်တဲ့အတွက် ကျွန်တော်အထူးဝမ်းမြောက်မိပါတယ်။ အဆွေတော်ရဲ့ ခရီးစဉ်ဟာ ကျွန်တော်တို့နှစ်နိုင်ငံဆက်ဆံရေးရဲ့ ပိုမိုတက်ကြွတဲ့ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်မိပါတယ်။ ကျွန်တော်တို့ရဲ့ ရေရှည်နှစ်နိုင်ငံ မိတ်ဖက်ဖြစ်မှုဟာ နှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေတဲ့ ပူးပေါင်းဆောင်ရွက်မှု၊ အချင်းချင်း ယုံကြည်မှုနဲ့ အချင်းချင်းအကြား နားလည်မှုရှိခြင်းများကို အခြေခံတယ်လို့ ကျွန်တော်တို့ ရှုမြင်သုံးသပ်ပါတယ်။

**အဆွေတော်နှင့်လူကြီးမင်းများခင်ဗျား–**

အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရေးအတွက်လည်းကောင်း၊

အိန္ဒိယသမ္မတနိုင်ငံနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား ရင်းနှီးချစ်ကြည်သော ပူးပေါင်းဆောင်ရွက်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊

အိန္ဒိယ–မြန်မာနှစ်နိုင်ငံနဲ့ နှစ်နိုင်ငံပြည်သူများ တိုးတက်သာယာ ဝပြောရေးအတွက်လည်းကောင်း၊

ကျွန်တော်နှင့်အတူ ဆုမွန်ကောင်းတောင်းကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ။

*✻ ကျောဖုံးမှ*

Hyderabad House ရှိ The Deccan Suite ၌ လာရောက်၍ ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက်ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်နှင့်နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး ရှရီကေ၊နတ်ဝါဆင်း၊ ပြည်ပရေးရာ ဝန်ကြီးဌာန အတွင်းဝန် Mr. Shyam Saran၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Rajiv KumarBhatiaနှင့်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

### ရင်းနှီးခင်မင်စွာတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်တို့သည် ရှေးဦးစွာ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်က အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သည့်အတွက် ဝမ်းသာရပါကြောင်း။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

အိန္ဒိယ–မြန်မာ နှစ်နိုင်ငံသည် ဘာသာရေးနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် တူညီမှုရှိကြသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ယခုကဲ့သို့ပင် နောင်ကာလများ၌လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အိန္ဒိယသမ္မတနိုင်ငံသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၀ ပြည့်နှစ်က ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်း၊ အဆွေတော် ဒုတိယသမ္မတကြီးလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီးဖြစ်ကြောင်း။

### နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်

ယင်းကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ချစ်ကြည်ရေးခရီး အပြန်အလှန်သွားလာခြင်းဖြင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ် နိုင်ခဲ့ကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌အကျိုးတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုများ၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်နှင့်မိသားစုများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### နေ့လယ်စာတည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအားအိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတက ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့်အိန္ဒိယသမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်နှင့်အဖွဲ့ဝင်များသည် နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် The Oberoi Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်က ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတက မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဘန်ဂလိုမြို့ရှိ **Infosys Computer Co.,Ltd.** တွင် ကုမ္ပဏီဒါရိုက်တာ **Mr. Dinesh K** က ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

# မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်အောင် မြန်မာနိုင်ငံ ဆက်လက်ဆောင်ရွက်သွားမည်



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘန်ဂလိုမြို့ရှိ **Infosys Computer Co.,Ltd.** တွင် ကုမ္ပဏီဝင်းအတွင်း၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)



## ရှင်းလင်းတင်ပြ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဘန်ဂလိုမြို့ရှိ **Infosys Computer Co., Ltd.** တွင် ဈေးကွက်မန်နေဂျာက ကုမ္ပဏီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)







31-10 (08).p65 2 24.03.1905, 9:51 PM



# ဆောင်ရွက်မှု ရွက်သွားမည်

## ကမ္ဘာကျော် တာ့ဂျ်မဟာအဆောက်အအုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မဂိုလ်ဧကရာဇ်ဘုရင် ရှားဂျဟန်း တည်ဆောက်ခဲ့သည့် ကမ္ဘာကျော် တာ့ဂျ်မဟာအဆောက်အအုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်နှင့်မိသားစုများ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)





## ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က နယူးဒေလီမြို့ **Rashtrapati Bhavan** ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် သီးသန့်ခန်းမ၌တွေ့ဆုံစဉ်။ (သတင်းစဉ်)





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဘန်ဂလိုမြို့ရှိ **Hindustan Aeronautics Limited (HAL)**တွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဂိုလ်ဧကရာဇ်ဘုရင် ရှားဂျဟန်း တည်ဆောက်ခဲ့သည့် ကမ္ဘာကျော် တာ့ဂျ်မဟာတွင် တာဝန်ရှိသူတစ်ဦးအား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)



## အပေါ့စား လေယာဉ်ငယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဘန်ဂလိုမြို့ရှိ **Hindustan Aeronautics Limited (HAL)**တွင် အပေါ့စားလေယာဉ်ငယ် တစ်စင်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ အောက်တိုဘာ၂၅ရက်က တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ၌ သမားရိုးကျ မဟုတ်သော လုံခြုံရေးကိစ္စများနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာနှင့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီကေ၊နတ်ဝါဆင်းတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

# နှစ်နိုင်ငံအကြားချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ရှင်သန်စေရန်တွန်းအားတစ်ရပ်သဖွယ်ဖြစ်

- ❒ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိမိတို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိ၊
- ❒ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြားအစဉ်အလာအရ တည်ရှိနေသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုတိုးတက်ရှင်သန်စေရန် တွန်းအားတစ်ရပ်သဖွယ် ဖြစ်လိမ့်မည်ဟု ယုံကြည်၊
- ❒ နှစ်နိုင်ငံနယ်ခြားသည် ငြိမ်းချမ်းမှုနှင့်သဟဇာတရှိသည့် နယ်ခြားဖြစ်စေရမည်ဆိုသည့် မိမိတို့၏ မူဝါဒနှင့်အညီ ဆက်လက်ကျင့်သုံးဆောင်ရွက်၊
- ❒ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက မိမိတို့နှစ်နိုင်ငံအစိုးရ အနေဖြင့် နှစ်နိုင်ငံအကြားလည်းကောင်း၊ ဒေသဆိုင်ရာကိစ္စများတွင် လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်၊
- ❒ နှစ်နိုင်ငံစလုံးသည် BIMST-EC အဖွဲ့၊ ဂင်္ဂါ-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံမူဘောင်သဘောတူညီချက်တို့တွင် တက်ကြွစွာပါဝင်၊
- ❒ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်နေမှုများသည် ဒေသတွင်း ပေါင်းစည်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့ကို ဖြစ်ထွန်းစေ။

★ ကျောဖုံးမှ

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယ ဝန်ကြီး ဦးကျော်သူ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်အတူ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီးရှရီကေ၊ နတ်ဝါဆင်း၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr. Shyam Saran၊ တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် အဆင့်မြင့် အရာရှိကြီးများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင်အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ခရီးစဉ်သည် (၂၄)နှစ်အတွင်း အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲအဆင့် လာရောက်သည့်ခရီးစဉ်ဖြစ်ပါကြောင်း။

## ဆက်ဆံရေးကဏ္ဍသစ်ဖွင့်

အိန္ဒိယနှင့်မြန်မာ နိုင်ငံအကြား ဆက်ဆံရေး ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

မိမိတို့၏အတတ်ပညာနှင့်အတွေ့အကြုံများကိုပေါင်းစပ်၍ မြန်မာနိုင်ငံ၏ လိုအပ်ချက်များကို ကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်သည့်ကဏ္ဍများကိုရှင်းလင်းပြောကြားသည်။

## တွေ့ဆုံဆွေးနွေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် Conference Room၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။

## အဆင့်မြင့်အရာရှိကြီးများတက်ရောက်

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Shri Pranab Mukherjee၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Shri Shivraj Patil၊ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး Shri K. Natwar Singh၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Shri Kamal Nalh၊ Minister of Information & Broadcasting and Culture, Shri Jaipal Reddy၊ Minister of Information Technology and Communications, Shri Dayanidhi Maran၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံ အမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာမန်မိုဟန်ဆင်းတို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စများကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

## တွန်းအားတစ်ရပ်သဖွယ်ဖြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆွေးနွေးရာတွင် မိမိတို့ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲ ပျူငှာစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဤကဲ့သို့ လှိုက်လှဲပျူငှာစွာ ကြိုဆိုခြင်းသည် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ပေါ်လွင်စေကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြားအစဉ်အလာအရ တည်ရှိနေသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုတိုးတက်ရှင်သန်စေရန်တွန်းအားတစ်ရပ်သဖွယ် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

## ကူညီပံ့ပိုး

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီးများကို အဓိကထားပြီးအိန္ဒိယနိုင်ငံကဲ့သို့ ရင်းနှီးသည့်အိမ်နီးချင်းနိုင်ငံများ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်ဆံမှုများကို ပိုမိုကျယ်ပြန့်အောင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများရှိသည့် အိမ်နီးချင်းကောင်းများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကြား မည်သည့် အခက်အခဲပင်ပေါ်ပေါက်သည်ဖြစ်စေစိတ်ကောင်း စေတနာနှင့် အပြန်အလှန်နားလည်မှု

စာမျက်နှာ ၁၃ ကော်လံ ၅



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ အောက်တိုဘာ၂၅ရက်က တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ၌ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် ၂၀၀၄-၂၀၀၆ ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Minister of Information & Broadcasting and Culture, Shri Jaipal Reddy တို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကြိုးပမ်းခဲ့၍ နယ်စပ်ဒေသများပါ အေးချမ်းနေပြီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ရေး စနစ်တကျတည်ဆောက်လျက်ရှိ

# အိန္ဒိယနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေး နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ခဲ့ရ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေး စနစ်တကျတည်ဆောက်ပေးနေမှု မိမိတို့နားလည်သိရှိ

ရန်ကုန် အောက်တိုဘာ ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E. Shri L.K Advani သည် အောက်တိုဘာ၂၆ရက် နံနက်၉နာရီတွင် နယူးဒေလီမြို့ရှိ The Oberoi Hotel အခန်းအမှတ် ၈၁၆ ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E. Shri L.K Advani နှင့် အတူ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht လည်း တက်ရောက်သည်။

သား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီမှုရရှိအောင် ဆောင်ရွက်ခဲ့ပြီး ကေအင်န်ယူအဖွဲ့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလျက်ရှိကြောင်း။

မိမိတို့ အနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်ကြောင်း။

## စနစ်တကျတည်ဆောက်

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ် အနက် ပထမဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံ၏ ပထမအကြိမ် အစည်းအဝေးကို ယခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် စနစ်တကျ တည်ဆောက်ပေးနေမှုများကို မိမိ နားလည် သိရှိ သဘောပေါက်ပါကြောင်း။

မိမိတို့ နိုင်ငံသည်လည်း မြန်မာနိုင်ငံကဲ့သို့ပင် တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေး အတွက် နှစ်ပေါင်းများစွာ အချိန်ယူ၍ တည်ဆောက်ခဲ့ရကြောင်း။

ဒီမိုကရေစီ နိုင်ငံဖြစ်အောင် ချက်ချင်းဆောင်ရွက်၍ မရကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒီမိုကရေစီ နိုင်ငံဖြစ်ရေးဆောင်ရွက်ရာတွင် အခြေအနေချင်း တူညီနိုင်ကြမည် မဟုတ်ကြောင်း။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E. Shri L.K Advani က အောက်တိုဘာ၂၆ရက်တွင် နယူးဒေလီမြို့ရှိ The Oberoi Hotel အခန်းအမှတ် ၈၁၆၌ လာရောက် တွေ့ဆုံရာတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E. Shri L.K Advani က အောက်တိုဘာ၂၆ရက်တွင် နယူးဒေလီမြို့ရှိ The Oberoi Hotel အခန်းအမှတ် ၈၁၆၌ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)**

## တည်ငြိမ်မှုရှိရေးအရေးကြီး

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရေးတို့သည် အရေးကြီးသည့် ကိစ္စများပင်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်ကြောင်း၊ တိုင်းရင်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ အမျိုးသား ညီလာခံကို လာမည့် ပွင့်လင်းရာသီတွင် ပြန်လည်ကျင်းပသွားမှာဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ရေး အတွက် မိမိတို့ စနစ်တကျ တည်ဆောက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

## နားလည်သဘောပေါက်

ထို့နောက် အထက်လွှတ်တော် အတိုက်အခံ ခေါင်းဆောင် Shri L.K Advani က ပြန်လည် ဆွေးနွေးရာတွင် အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံသည် ချစ်ခင်ရင်းနှီးကြသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး

## ပူးပေါင်းဆောင်ရွက်သွားမည်

မိမိအနေဖြင့် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရရာ အိန္ဒိယနိုင်ငံကို ဆန့်ကျင်သည့် အဖွဲ့များအား မြန်မာနိုင်ငံက လက်ခံခြင်း မပြုသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ယုံကြည်ပါကြောင်း၊ တိုးချဲ့မည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်ဖြစ်လိုသည့် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို မြန်မာနိုင်ငံက ထောက်ခံမှုပေးကြောင်း ကြားသိရသဖြင့် မိမိအနေဖြင့် ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

## ဒီမိုကရေစီနိုင်ငံဖြစ်အောင် ချက်ချင်းဆောင်ရွက်၍ မရ

- ❒ မိမိတို့ အနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိ၊
- ❒ အမျိုးသား ညီလာခံကို လာမည့် ပွင့်လင်းရာသီတွင် ပြန်လည်ကျင်းပသွားမှာဖြစ်၊
- ❒ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် စနစ်တကျ တည်ဆောက်ပေးနေမှုများကို မိမိ နားလည်သိရှိ သဘောပေါက်၊
- ❒ ဒီမိုကရေစီ နိုင်ငံဖြစ်အောင် ချက်ချင်းဆောင်ရွက်၍ မရ၊
- ❒ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်ရေးဆောင်ရွက်ရာတွင် အခြေအနေချင်း တူညီနိုင်ကြမည် မဟုတ်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် နှစ်ပေါင်း ၃၅၀ ကျော်သက်တမ်းရှိ ကမ္ဘာကျော်တာ့ဂျ်မဟာအဆောက်အအုံကြည့်ရှုလေ့လာ

ရန်ကုန် အောက်တိုဘာ ၃၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် ဇနီးတို့ လိုက်ပါလျက် နယူးဒေလီမြို့မှ အဂ္ဂရာမြို့သို့သွားရောက်ရန် အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ The Oberoi Hotel မှ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. E. Ahamed၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr. Shyam Saran၊ တွဲဖက်အတွင်းဝန် Mrs. Mitra Vashisht နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် Indian Airlines မှ အထူးလေယာဉ်ဖြင့် အဂ္ဂရာ(Agra)မြို့ လေဆိပ်သို့ရောက်ရှိကြရာ Agra District Commissioner, Dr. Ashok Kumar နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

## ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တာ့ဂျ်မဟာသို့ရောက်ရှိကြရာ တာ့ဂျ်မဟာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဦးစွာ တာ့ဂျ်မဟာအဆောက်အအုံ အဝင်ပင်မတံခါး၊ အဝင်လမ်းတစ်လျှောက်နှင့် ပန်းဥယျာဉ်တို့ကို ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဂိုလ်ဧကရာဇ်ဘုရင် ရှားဂျဟန်း တည်ဆောက်ခဲ့သည့် ကမ္ဘာကျော် တာ့ဂျ်မဟာ အဆောက်အအုံကို ကြည့်ရှုလေ့လာကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက နှစ်ပေါင်း၃၅၀ကျော် သက်တမ်းရှိခဲ့ပြီဖြစ်သည့် တာ့ဂျ်မဟာ အဆောက်အအုံထိန်းသိမ်းစောင့်ရှောက်ထားမှုများကို လှည့်လည်ရှင်းလင်းပြသကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် တာ့ဂျ်မဟာ၌ မှတ်တမ်းတင်ဓာတ်ပုံများလည်းရိုက်ကြသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဘန်ဂလိုမြို့ရှိ Hindustan Aeronautics Limited (HAL)တွင် HAL Chairman Shri N.R. Mohanty က ရဟတ်ယာဉ်ပုံစံငယ်ကို အမှတ်တရလက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)**



**အမှတ်တရ လက်ဆောင်ပေးအပ်**

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောက်တိုဘာ၂၇ရက်က ခေတ္တတည်းခိုရာ ဘန်ဂလိုမြို့ The Grand Ashok Hotel ဝင်း အတွင်း၌ နံ့သာဖြူပင်ကို စိုက်ပျိုးပေးပြီးနောက် ဟိုတယ်ဒုတိယဥက္ကဋ္ဌက အမှတ်တရ ဂါရဝပြု လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)**

## အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာ့ဂျ်မဟာဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် အထူးလေယာဉ်ဖြင့် အဂ္ဂရာမြို့မှ ကာနာတကာ (Karnataka) ပြည်နယ် ဘန်ဂလိုမြို့သို့ ထွက်ခွာခဲ့ကြရာ ညနေ၄နာရီတွင် ရောက်ရှိကြသည်။

## တာဝန်ရှိသူများကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား ဘန်ဂလိုလေဆိပ်တွင် ကာနာတကာပြည်နယ် အုပ်ချုပ်ရေးမှူး ရှရီတီ၊အင်၊ကျပ်သူဗေဒီ နှင့် ပြည်နယ်မှတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဘန်ဂလိုမြို့ရှိ Infosys Computer Co.,Ltd. သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရှေးဦးစွာ ကုမ္ပဏီကထုတ်လုပ်သည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ကုမ္ပဏီနှင့်စပ်လျဉ်း၍ ဗီဒီယိုဖြင့်မှတ်တမ်းတင်ထားမှုကို ဖွင့်လှစ်ပြသပြီး ကုမ္ပဏီကထုတ်လုပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ဆုတံဆိပ်များရရှိခဲ့မှုများကို ရှင်းလင်းပြသသည်။

## ရှင်းလင်းပြသ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဈေးကွက်မန်နေဂျာ Mr.Aditya Nalh Jho က Infosys Co.,Ltd. စတင်တည်ထောင်ခဲ့မှု၊ ကုမ္ပဏီအဆင့်အတန်းမြင့်မားရေး၊ ကုမ္ပဏီ၏ ကွန်ပျူတာပစ္စည်းများ ကမ္ဘာ့အဆင့်အတန်းမီရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများ တိုးတက်အောင်မြင်ခဲ့ပြီး အိန္ဒိယနိုင်ငံနှင့်အခြားနိုင်ငံများတွင် ကုမ္ပဏီရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တို့က သိရှိလိုသည်များကိုမေးမြန်းကြရာ ကုမ္ပဏီဒါရိုက်တာMr. Dinesh K နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် Infosys ကုမ္ပဏီဝင်းအတွင်း အမှတ်တရသစ်ပင်တစ်ပင်စိုက်ပျိုးပေးပြီး ဒါရိုက်တာMr. Dinesh K အား လက်ဆောင်ပစ္စည်းပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကုမ္ပဏီမှဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။

## မှတ်တမ်းလက်မှတ်ရေးထိုး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုမ္ပဏီ၏ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကုမ္ပဏီဒါရိုက်တာMr. Dinesh K က ဂါရဝပြုလက်ဆောင်ပစ္စည်းပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် Infosys Co., Ltd. မှ ခေတ္တတည်းခိုမည့် ဘန်ဂလိုမြို့ The Grand Ashok Hotel သို့ ရောက်ရှိကြသည်။

## တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ညပိုင်းတွင် ဘန်ဂလိုမြို့ Raj Bhavan ၌ ကာနာတကာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ည၇နာရီခွဲတွင် ဂုဏ်ပြုညစာစားပွဲသို့ရောက်ရှိကြရာ ပြည်နယ် အုပ်ချုပ်ရေးမှူး ရှရီ တီ၊ အင်၊ ကျပ်သူဗေဒီက လှိုက်လှဲ ခင်မင်စွာ ကြိုဆို၍ ဧည့်ခန်းဆောင်၌ နှုတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား ကာနာတကာ ပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

## တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီးဒေါ်ခင်သက်ဌေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ကာနာတကာပြည်နယ် အုပ်ချုပ်ရေးမှူးက ညှော်ခန်းဆောင်၌ နှုတ်ဆက်စကား ပြောကြားစဉ်။**

**(သတင်းစဉ်)**

*စာမျက်နှာ ၁၂ မှ*

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဘန်ဂလိုမြို့ The Grand Ashok Hotel ဝင်းအတွင်း၌ နံ့သာဖြူပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဟိုတယ်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဟိုတယ်မှ ဒုတိယဥက္ကဋ္ဌ Mr. Jag Mohan Mishraက အမှတ်တရ ဂါရဝပြုလက်ဆောင် ပေးအပ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဘန်ဂလိုမြို့ရှိ Hindustan Aeronautics Limited(HAL) သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအားညှော်ခန်းမ၌ HAL မှ Chairman Shri N. R. Mohanty က Hindustan Aeronautics Limited က ထုတ်လုပ်လျက်ရှိသည့် တိုက်ခိုက်ရေးဂျက်လေယာဉ်များ၊ အပေါ့စားလေ့ကျင့်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များထုတ်လုပ်မှုကို ရှင်းလင်းပြောကြားပြီး ထုတ်လုပ်ထားသည့် တိုက်ခိုက်ရေးဂျက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၏ စွမ်းရည်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကုမ္ပဏီကထုတ်လုပ်ထားသည့် Jaguarတိုက်လေယာဉ်ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အပေါ့စားလေယာဉ်ငယ်တစ်စင်းကို ကြည့်ရှုလေ့လာကြပြီး ကုမ္ပဏီမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သရုပ်ပြသမှုကြည့်ရှု**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ရဟတ်ယာဉ်ထုတ်လုပ်ရေးဌာနခွဲသို့ သွားရောက်ကြပြီး ရှေးဦးစွာ Hindustan Aeronautics Limited ကထုတ်လုပ်ထားသည့် ရဟတ်ယာဉ်သုံးစင်း၏ ပျံသန်းသရုပ်ပြ စွမ်းရည်ပြသမှုများကို ကြည့်ရှုကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရဟတ်ယာဉ်၏စွမ်းရည်များကို ပျံသန်းပြသသည့် ရဟတ်ယာဉ်မှူးအား နှုတ်ဆက်ပြီး ရဟတ်ယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ရဟတ်ယာဉ်မှူးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား HAL Chairman Shri N.R Mohanty ကရဟတ်ယာဉ်ပုံစံငယ်ကို အမှတ်တရလက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်အစီအစဉ်

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ ၂၀၀၄– ၂၀၀၅ ပညာသင်နှစ်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်၍ အဆိုပါတက္ကသိုလ်၌ B.E ဘွဲ့သင်တန်းနှင့် ဒီပလိုမာသင်တန်းများသို့ တက်ရောက်လိုသည့် ပထမနှစ်သင်တန်းသားများကို သတင်းစာများမှတစ်ဆင့် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်သည်။

ဖော်ပြပါတက္ကသိုလ်၏ B.Eဘွဲ့သင်တန်းနှင့် ဒီပလိုမာသင်တန်းများသို့တက်ရောက်ရန် လျှောက်ထားသူများထဲမှ B.E ဘွဲ့သင်တန်းအတွက် အနိမ့်ဆုံး စုစုပေါင်းရမှတ် ၄၁၀ နှင့်အထက်၊ ဒီပလိုမာသင်တန်းအတွက် ခြောက်ဘာသာဖြေဆိုရပါက အနိမ့်ဆုံးစုစုပေါင်းရမှတ် ၃၆၀နှင့် ငါးဘာသာဖြေဆိုရပါက အနိမ့်ဆုံးစုစုပေါင်းရမှတ် ၃၁၀ နှင့် အထက်ရရှိထားသော လူတွေ့ဖြေဆိုခွင့်ရရှိသူများ၏အမည်စာရင်းကို နိုဝင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကပ်ထားမည်ဖြစ်သည်။ဝင်ခွင့် လူတွေ့ဖြေဆိုမည့်သူများသည် နိုဝင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့)မှ ၇ ရက်(တနင်္ဂနွေနေ့) အထိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင် လာရောက်သတင်းပို့ရမည်ဖြစ်ပြီး သတင်းပေးပို့ရာတွင် လိုင်စင်ဓာတ်ပုံ သုံးပုံ၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ခံစာမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)နှင့် ကျန်းမာကြောင်း သက်ဆိုင်ရာ မြို့နယ်ဆရာဝန်ထံမှ ထောက်ခံစာမူရင်းတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

ဖော်ပြပါတက္ကသိုလ်၏ B.E ဘွဲ့သင်တန်းနှင့် ဒီပလိုမာသင်တန်းများသို့ တက်ရောက်ခွင့်အတွက် လူတွေ့စစ်ဆေးခြင်းကို နိုဝင်ဘာ ၈ ရက် (တနင်္လာနေ့)မှ ၁၂ ရက်(သောကြာနေ့)အထိ သတ်မှတ်အစီအစဉ်အတိုင်း ရန်ကုန်မြို့၌ ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရမည့်အစီအစဉ်ကို နိုဝင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၌ လူတွေ့ဖြေဆိုခွင့်ရရှိသူများ စာရင်းနှင့်အတူ ကပ်ထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁–၁၀–၂၀၀၄**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”**(အပိုင်း–၄၀)
၁၂း၂၀ ၅။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဘိန်းအစားထိုးပျိုးဥယျာဉ်
၁၂း၃၀ ၆။ မြန်မာရုပ်ရှင်**“ရွှေရိုး”** ရန်အောင်၊မို့မို့မြင့်အောင် (ဒါရိုက်တာ–ရွှေဝင်းလွင်)
၁၄း၂၀ ၇။ တေးဂီတအစီအစဉ်
၁၄း၃၅ ၈။ စလင်းရေလှောင်တမံ
၁၄း၄၅ ၉။ International News
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ–ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၁၅ ၇။ တေးဂီတအစီအစဉ်
၁၇း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်”**(အပိုင်း–၂၈)
၁၉း၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၄၅ ၁၃။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသ နှင့်ဇလဗေဒ ခန့်မှန်းချက်
၁၈။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မေတ္တာသည် ဆန်းကြယ်လှသည်”** (အပိုင်း–၁၃)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ် အောက်တိုဘာလအတွက်**
**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁–၁၀–၂၀၀၄ရက်နေ့**
**၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွက်**
**(၁၄–၁၁–၂၀၀၄)ရက်နေ့ နှင့် (၂၈–၁၁–၂၀၀၄)ရက်နေ့**

*စာမျက်နှာ ၁၀ မှ*

ထားရှိခြင်းဖြင့်ဖြေရှင်းနိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံနယ်ခြားသည် ငြိမ်းချမ်းမှုနှင့် သဟဇာတရှိသည့် နယ်ခြားဖြစ်စေရမည်ဆိုသည့် မိမိတို့၏မူဝါဒနှင့်အညီ ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တိုးချဲ့မည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လိုသည့် အိန္ဒိယနိုင်ငံ၏ကြိုးပမ်းမှုကိုထောက်ခံကြောင်းဖြင့် ဆွေးနွေးသည်။

**ပြန်လည်ဆွေးနွေး**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက ပြန်လည်ဆွေးနွေးရာတွင် မိမိတို့နှစ်နိုင်ငံအစိုးရအနေဖြင့်နှစ်နိုင်ငံအကြားလည်းကောင်း၊ ဒေသဆိုင်ရာကိစ္စများတွင်လည်းကောင်း ပူးပေါင်း ဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း။

သုံးနိုင်ငံ အဝေးပြေး လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းမှာလည်း မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် တွေ့မြင်နိုင်မှာ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အခြားကဏ္ဍများတွင်လည်း နှစ်ဦးနှစ်ဖက် အကျိုးရှိစွာ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

မိမိတို့ နှစ်နိုင်ငံစလုံးသည် BIMST-EC အဖွဲ့၊ ဂင်္ဂါ–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံမှုဘောင် သဘောတူညီချက်တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊ ယခုကဲ့သို့ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်နေမှုများသည် ဒေသတွင်း ပေါင်းစည်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ဖြစ်ထွန်းစေပါကြောင်း။

အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းတည်ငြိမ်ရေးတို့အတွက် မြန်မာနိုင်ငံနှင့် ကာလရှည်ကြာစွာ လက်တွဲသွားမည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားသည်ကို ထပ်မံအသိပေးလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**လက်မှတ်ရေးထိုးပွဲ**

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို Hyderabad House ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အိန္ဒိယ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီးဦးကြည်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အိန္ဒိယသမ္မတ နိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

**အပြန်အလှန်လဲလှယ်**

အစီအစဉ်အရရှေးဦးစွာပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding Between the Government of The Union of Myanmar and The Government of The Republic of India on Cooperation in the Field of Non-Traditional Security Issues)နှင့် ထပ်မံသိရအေးလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကိုပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှရီ ကေ၊နတ်ဝါဆင်းတို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် ၂၀၀၄–၂၀၀၆(The Cultural Exchange Programme Between The Government of the Union of Myanmar and The Government of the Republic of India,2004-2006)ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Minister of Information & Broadcasting and Culture, Shri Jaipal Reddyတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် စာချုပ်ကို အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



အောက်တိုဘာ ၂၂ရက်က ပေါင်းတည်မြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့် ရုပ်မြင်သံကြားစက် လှူဒါန်းပွဲကို ကြူတောကံ ကျေးရွာ အုပ်စု နတ်ပုတီး / သပြေကုန်း စံပြကျေးရွာ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်သက်၊ အုပ်စု ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၃၃၁)



# နယ်လှည့် အခမဲ့ဆေးကုသ၊ ကျန်းမာရေးပညာပေးဟောပြော

**ကျောင်းကုန်း အောက်တိုဘာ ၂၅**

မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် လူမှုရေး အသင်းအဖွဲ့များ (၁၃)ကြိမ်မြောက် နယ်လှည့် အခမဲ့ဆေးကုသခြင်း လုပ်ငန်းကိုအောက်တိုဘာ ၂၄ရက်က ကျောင်းကုန်းမြို့နယ် စပယ်ရုံ ကျေးရွာအုပ်စုရှိ ကြို့ကုန်းမြင့်ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒေါက်တာချိုချိုလွင်က ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီး မြို့နယ် အသင်းအတွင်းရေးမှူး ဦးသိန်းထွန်းက နယ်လှည့် အခမဲ့ဆေးကုသရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ် အသင်းအလုပ်အမှုဆောင် ဦးကျော်ဝင်းစိန်က ကျန်းကျန်းမာမာ အသက်တစ်ရာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ကျေးရွာ ၁၀ ရွာမှဆေးကုသခံဘုန်းတော်ကြီးနှစ်ပါးနှင့် ကျေးရွာသူရွာသား ၁၀၀ ကျော်တို့အား နံနက် ၉နာရီ မှ ညနေ ၆ နာရီအထိ မြို့နယ် ကျန်းမာ ရေးဦးစီးဌာနမှ ဒေါက်တာချိုချိုလွင်နှင့် ဆရာ၊ဆရာမများက ဆေးဝါးကုသပေးကြသည်။ **(ဝဲပုံ)**

မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၆၈ အုပ်စုရှိသည့်အနက် ကျေးရွာ/ရပ်ကွက် ၁၃ အုပ်စုတို့အား အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုပေးပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများသို့ ဆက်လက်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၂၆၅)**

**စက်တင်ဘာ ၂၉ ရက်က တာလေမြို့ မြို့ဝင်ဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးလုပ်ငန်းဆောင်ရွက်မှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (နယ်စပ်/စည်ပင်)



**မွန်ပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၁၇ ရက်က မွန်ပြည်နယ် ရာမည အားကစားကွင်းတွင်ကျင်းပရာ မွန်ပြည်နယ် အား/ကာ ဒုတိယ ညွှန်ကြားရေးမှူး ဦးလှဝင်းက အကောင်းဆုံးဘောလုံးသမား ဆုရ ကျိုက်မရောမြို့နယ် ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ် သတင်းများ



# ဝိုင်းမော်မြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ဝိုင်းမော် အောက်တိုဘာ ၂၅**

ဝိုင်းမော်မြို့တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က အဆိုပါမြို့နယ် ဧရာဝတီမြစ်ကမ်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန့်မြင့်နှင့်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ငါးလုပ် ငန်းဦးစီးဌာနမှူး ဦးအန့်ကြည်၊ ဝိုင်း မော်ငါးစခန်းတာဝန်ခံ ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှတာဝန် ရှိသူများ၊ လူမှု ရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအန့်ကြည်က ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးသန် အရွယ် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်း၊ တီလားဗီးယားကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသန်အရွယ် သုံးသိန်းကို စိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)** **(ခရိုင်ပြန်/ဆက်)**



**သာသနာပြု ဆရာတော် အရှင်ပညာစက္က မတည်လှူဒါန်းသည့် ပခုက္ကူမြို့ နယ်မြစ်ခြေ ကျေးရွာအုပ်စု အိုင်ရှည်ကျေးရွာ "အပ္ပမာဒ"စာကြည့်တိုက်ဖွင့်ပွဲကိုစက်တင်ဘာ၂၅ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (၄၁၃)

**မိုင်းတုံမြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှ ပင်နှင့်အရိပ်ရပင်များ ပျိုးထောင် ဆောင်ရွက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၈ရက်က မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်း၊ တာဝန်ခံအင်ဂျင်နီယာဦးတင်မြင့်နှင့် ဝန်ထမ်းများ ဆောင် ရွက်ကြစဉ်။** (နယ်စပ်/



# ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာကိုယ့်အားကိုယ်ကိုး ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၇ရက်က ကျေးရွာခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးဂျော်နီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလဒွဲတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်၊ စာစောင်အုပ်ရေ ၅၀နှင့်ကျေးရွာအလှူရှင်များက စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌက လက်ခံရယူသည်။ **(ခရိုင်ပြန်/ဆက်)**





# မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**သုံးခွ အောက်တိုဘာ ၉**

သုံးခွမြို့နယ် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မြို့နယ်အားကစား ခန်းမတွင် အောက်တိုဘာ ၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်က မှုခင်းများကျဆင်းရေးအတွက် အသိပညာပေး ဟောပြော ရှင်းလင်းပြီး မြို့နယ် ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ဆွေက ဥပဒေပညာဆိုင် ရာများနှင့် ဒုတိယမြို့နယ် တရားသူကြီး ဦးဇော်မင်းအောင်က တရားခံစီရင်ရေးဆိုင်ရာ အကြောင်းတို့ကို ပညာပေးဟောပြောကြသည်။ **(၁၃၇)**

# ကွမ်းလုံမြို့တွင် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဆင်း

ကွမ်းလုံ အောက်တိုဘာ ၂၀

**ကွမ်းလုံမြို့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ၁၅ရက်က သံလွင်ဦးခန်းမ၌ကျင်းပသည်။**

ရှေးဦးစွာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းလွင်က သင်တန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမရရှိသော ကွမ်းလုံခရိုင်ရုံးမှ စာရေးအဆင့်(၂)ဦးသန်းထွန်းဝင်း၊ ဒုတိယရရှိသော ဟိုပန်မြို့နယ်ရုံးမှ စာရေးအဆင့်(၁) ဦးထွန်းထွန်းလင်း၊ တတိယရရှိသော ကွမ်းလုံမြို့နယ်ရုံးမှ စာရေးအဆင့်(၁) ဦးကြည်ခိုင်တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(က-ပ)**

## သံတွဲမြို့တွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်



သံတွဲ အောက်တိုဘာ ၁၈

သံတွဲ၊ တောင်ကုတ်နှင့်ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း အမှတ်စဉ်( ၅/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၁ရက် နံနက် ၈နာရီက သံတွဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က အမှာစကားပြောကြားပြီး (**ယာပုံ**) သင်တန်းကို ဖွင့်လှစ်ပေးသည်။

**သင်တန်းကာလ**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**မကွေးတိုင်း အောင်လံမြို့ပေါ်ရှိ အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းခွဲကျောင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခြင်၊ ယင်ဆေးဖျန်းခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းဆွေက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(နယ်စပ်/စည်ပင်)



**အောက်တိုဘာ ၆ ရက်က တမူးမြို့ ပြည်သူ့အားကစားကွင်း၌ ဥက္ကဋ္ဌဖလားကလပ်အသင်းလိုက်ဖိုင်နယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော် အမှာစကားပြောကြားစဉ်။**

(ခရိုင်ပြန်/ဆက်)



**တွံတေးမြို့နယ် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်ကောင်းမွန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ၂၃ရက်က ယုဇနခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစိန်လွင်က ရှင်းလင်းပြောကြားစဉ်။** (က-ပ)





**ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘဲကရက် - ဒီးဒုတ်လမ်းပေါ်ရှိ ကျေးလက်တံတားပြုပြင်ဆောင်ရွက်ရန် ဧရာဝတီတိုင်းညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုစဉ်။** (၁၀၈)

**သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း (၃/၂၀၀၄)ဖွင့်ပွဲတွင် ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦး အမှာစကား ပြောကြားစဉ်။** (၃၀၆)

## ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**ဆော့လော် အောက်တိုဘာ ၁၃**

ကချင်ပြည်နယ် ဆော့လော်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၂၄ ရက်က ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများနှင့် မြို့နေပြည်သူများ စုပေါင်းစိုက်ပျိုး ဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်သန်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(ပြည်နယ် စည်ပင်)**

## အထက(၁၀)မော်လမြိုင် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**မော်လမြိုင် အောက်တိုဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း (ယခင်-ရာမညမွန်အမျိုးသားအထက်တန်းကျောင်း အမှတ်(၁၂) အထက၊ မော်လမြိုင်)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၀ရက်က အထက(၁၀)၌ ကျင်းပသည်။

**ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် အောက်တိုဘာ ၁၁ ရက်က ရေးမြို့ ဗိုလ်ချုပ်လမ်းတွင် လမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂-မြို့ပြ) ဦးမိုးရန်နိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(နယ်စပ်စည်ပင်)



အလှူငွေပေးအပ်ပွဲတွင် ကျောင်းသားဟောင်း ရန်ကုန်မြို့နေ ဦးဝင်းထွန်း မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးစိုးသိန်း (ခ) အချိန်း (မြို့မဓော်တော်ယာဉ်)မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးမောင်မောင်မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးငွေစိုးမိသားစုက ငွေကျပ်သုံးသောင်းနှင့် မင်းဝင်းမြင့်အောင်မိသားစုက ငွေကျပ်တစ်သောင်းအပါအဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုစုပေါင်းလှူဒါန်းငွေကျပ် ကိုးသိန်းကိုးသောင်းကျော်ကို ပေးအပ်ရာ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှမင်းနှင့် အတွင်းရေးမှူး ဦးစိုးမြင့်တို့က လက်ခံရယူကြသည်။

ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေးအတွက် ရပ်ဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အပူဇော်ခံ ဆရာ၊ ဆရာမများသည် မော်လမြိုင်အမှတ်(၁၀)၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးလှမင်း၊အတွင်းရေးမှူး ဦးစိုးမြင့်၊ ဖုန်း-၀၅၇-၂၁၁၆၀၊ ၂၂၈၄၈၊ ၂၂၃၇၈၊ ၂၁၃၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၆၈)**

## ရေပိတ်လွှာ ကတ္တရာလမ်းခင်း

**သာပေါင်း အောက်တိုဘာ ၁၄**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ကမ်းနားလမ်း ရေပိတ်လွှာကတ္တရာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၇ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးပိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**





## ပျော်ဘွယ်မြို့ အထက(၁) နှစ်ပတ်လည်စည်းဝေး

**ပျော်ဘွယ် အောက်တိုဘာ ၁၅**

ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉နာရီက ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မိဘဆရာအသင်းနာယက ဦးကျော်ညွှန့်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ခင်၊ ကျောင်းအုပ်ကြီး ဦးခင်မောင်ဌွေးတို့က အမှာစကားများပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုဥက္ကဋ္ဌ ဦးစံထွန်းက ကျောင်းလုပ်ငန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုများပေးအပ်**

ထို့နောက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၂၅၀)**

# နှစ်နိုင်ငံခေါင်းဆောင်များက မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ယုံကြည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယဒုတိယသမ္မတ ဂါရဝပြုတွေ့ဆုံပွဲ၌ အတည်ပြုပြောကြား

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်သည် အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် နယူးဒေလီမြို့ **စာမျက်နှာ ၇ ကော်လံ ၄ ✱**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ အောက်တိုဘာ ၂၅ရက်က နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်က အောက်တိုဘာ၂၅ရက်က နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံရာတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ခရီးစဉ် (၂၄)နှစ်အတွင်း အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှနိုင်ငံတော်အကြီးအကဲအဆင့်လာရောက်ခြင်းဖြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းတည်ငြိမ်ရေးအတွက်မြန်မာနိုင်ငံနှင့်လက်တွဲသွားမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ တွေ့ဆုံနှုတ်ဆက်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ ☆**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ အောက်တိုဘာ ၂၅ ရက်က နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး